


# ပြည်သူ့ဆန္ဒခံယူပွဲ၊ နအဖ ၏ သဘောထား လုပ်ရပ်များ နှင့် ရှေ့ဆက်ရမည့်တိုက်ပွဲသဏ္ဍာန်

မေလထဲတွင် ပြည်သူ့ဆန္ဒခံယူပွဲ အတွက်မဲပေးဖို့ နအဖ က ပြင်ဆင်နေပါပြီ၊ တချို့မြို့တွေဆိုလျှင်ကြိုတင်မဲတောင် ထည့်ခိုင်းနေပြီဆိုပဲ၊ ပြည်ပက မြန်မာသံရုံးတွေမှာတော့ မဲတွေပေးနေကြပြီ။ နအဖ က သူ့ရဲ့အမာခံအင်အားလို့ ယူဆထားတဲ့ တပ်၊ရဲ၊ မီးသတ်၊ ကြက်ခြေနီ၊ ကြံ့ဖွံ့၊ စွမ်းအားရှင်နဲ့ အစိုးရဝန်ထမ်းတွေကို ထောက်ခံမဲထည့်ဖို့ ပြင်ဆင်ထားပြီး ကန့်ကွက်မဲထည့်လျှင် အရေးယူခံရမယ်ဆိုပြီး အာဏာပိုင်တွေက ဘလိုက်လံပြောဆိုနေကြောင်း ရရှိထားတဲ့ သတင်းအချက်အလက်တွေအရ သိရပါတယ်။

ဒီပွဲမှာ သူတို့(နအဖ)နိုင်အောင် ကလိမ်ကကျစ်နည်းမျိုးစုံ၊ ဖိနှိပ်ခြိမ်းခြောက်မှုမျိုးစုံ၊ လိမ်လည်လှည့်ဖြားမှု၊စည်းရုံးသိမ်းသွင်းမှုများစွာနဲ့ ပေါ်ပေါ်ထင်ထင်တမျိုး၊ လျှို့ဝှက်စွာတဖုံ နည်းလမ်းပေါင်းစုံနဲ့ ပြင်ဆင်နေပါပြီ။ NLDရဲ့ မေ ၉၀ ရလာဒ်ကို မသိကျိုးကျွံပြု၊ NLD ပါတီကို ဖယ်ထုတ်ပစ်ဖို့ နအဖကတော့ဖြင့်အကြီးအကျယ် စီမံကိန်းတွေချ မျက်နှာပြောင်တိုက်ပြီး သူလိုချင်ရာ ဖွတ်လုပ်နေပါတော့တယ်။

ပြည်သူလူထုတွေရဲ့လိုလားချက် ဆန္ဒအမှန်တွေကိုတော့ မျက်ကွယ်ပြု၊ သူတို့အကျိုးစီးပွားအတွက် ထင်ရာစိုင်းနေပါတော့တယ်။ ၁၉၈၈ စစ်တပ်အာဏာသိမ်းကတည်းက ယနေ့ကာလအထိ နအဖစစ်အုပ်စုရဲ့လုပ်ရပ်တွေဟာ တိုင်းပြည်နဲ့ ပြည်သူလူထုအပေါ် စေတနာမမှန်ကောင်းကျိုးမကြည့်ပဲ ရက်စက်ကြမ်းကြုတ်စွာ ဖိနှိပ်နေခဲ့တာပါ။ အခုလည်း မေလ လူထုဆန္ဒခံယူပွဲကို ကောက်ကျစ်စဉ်းလဲစွာလုပ်မှာပါ။ ပြည်သူအများစုကတော့ ကန့်ကွက်မဲပဲ ထည့်ကြမှာပါ။ ဒါကို နအဖ က သိနင့်နေပြီးသားပဲ၊ ဒါကြောင့် လူထုက ကန့်ကွက်မဲပဲ ထည့်ထည့်၊ ဆန္ဒခံယူပွဲကို မသွားပဲ သပိတ်ပဲမှောက်မှောက် ၊နအဖ ကတော့ "ပန်းပန်လျက်ပဲ" လို့ဆိုရမလားပဲ၊ သူချမှတ်ထားတဲ့လမ်းပြမြေပုံ(ရ) ချက်အတိုင်း မလွဲမသွေ ဆီြတက်လုပ်ဆောင်သွားမှာပါ၊သူ့ရည်မှန်းချက်အတိုင်း စိုက်လိုက်မတ်တတ်သွားမှာပါ၊ သူ့လမ်းမှာ ပိတ်ဆို့ဟန့်တားသူ မည်သူ့ကိုမဆို ဘုရားပင်ဖြစ်ပါစေ ပစ်ခတ်သတ်ဖြတ်၊ဖမ်းဆီးရိုက်နှက်ပြီးနှိပ်ကွပ်ဖယ်ရှားပြစ်မှာပါပဲ။

ဒါကြောင့် မေလ လူထုဆန္ဒခံယူပွဲ ရလာဒ်ကို ဒီမိုကရေစီအင်အားစုတွေက အားကိုးတကြီး စိတ်ကူးယဉ်ပြီး မမျှော်လင့်သင့်ဘူး ထင်ပါတယ်။ ယုတ်စွအဆုံး လူထုကန့်ကွက်မဲက အနိုင်ရစေဦးတော့ နအဖ ကကောက်ကျစ်စွာလိမ်လည်ပြီး သူလိုရာကို ဖွတ်ဖန်တီးမှာ သေချာသ လောက်ပါပဲ။ နအဖ စစ်အုပ်စုကတော့ သူ့တာဝန်သူကျေပြွန်အောင် အစွမ်းကုန် ကြိုးစားလုပ်ပါတယ်။ ဒီမိုကရေစီ အင်အားစုအပေါ် ရန်ငါ စည်းပြတ်ပါတယ်။ လက်တွေ့ကျကျဖိနှိပ်ပါတယ်။ ရက်စက်မှုနည်းမျိုးစုံသုံးပါတယ်။ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ ပေါ်လစီပါ။ ဘယ်တော့မှ အလွယ်တကူ အလျှော့ပေး ဆက်ဆံလာလိမ့်မယ် မထင်ပါနဲ့။

ဒါကြောင့် နအဖ ကို စိတ်ကူးယဉ်ပြီး "နိုင်ငံရေးမျှောလိုက်နေတဲ့ စဉ်းစားတွေးခေါ်မှုတွေကိုအခြေခံတဲ့ တိုက်ပွဲသဏ္ဍာန်" တွေနဲ့စစ်အုပ်စုကိုဖယ်ရှားပစ်လို့မရပါဘူး။နအဖ အနေနဲ့ လက်ရှိနိုင်ငံရေး အခင်းအကျင်းနဲ့ အခြေအနေအရ စစ်မှန်ပြီးနိုင်ငံရေးအရ တန်းတူရည်တူရှိတဲ့ တွေ့ဆုံဆွေးနွေးရေးကို ဘယ်တော့မှလုပ်လာလိမ့်မည်မဟုတ်ပါ၊ သူတို့အကျိုးစီးပွားအတွက်သူ့ရဲ့စဉ်းစားဆုံးဖြတ်ချက်အတိုင်း ဆက်သွားနေမှာသေချာသလောက်ပါပဲ။

CPB(ဗမာပြည်ကွန်မြူနစ်ပါတီ)၊NLD နဲ့ ဒီမိုကရေစီအင်အားစုနိုင်ငံရေး အဖွဲ့အစည်းများကတော့"ကန့်ကွက်မဲ"ထည့်ကြဖို့ ပြည်သူလူထုကို နိုင်ငံရေးအရ အကြံပြုတင်ပြပါတယ်၊နအဖ ရဲ့အမာခံတွေကလွဲပြီး လူထုအများစုကတော့ ကန့်ကွက်မဲပဲထည့်ကြမှာ သေချာပါတယ်၊ နိုင်ငံရေးတိုက်ပွဲအရ ကန့်ကွက်မဲပဲထည့်ရမှာပါပဲ၊ဒါကိုလည်း နအဖ စစ်အုပ်စုကကြိုသိနေပြီးသားပါ ဒါ့ကြောင့် ကလိမ်ကကျစ်နည်းပေါင်းစုံသုံးပြီး သူတို့အနိုင်ရအောင်(ထောက်ခံမဲတွေများများ ရအောင်) ကြိုပြင်ထားမှာပါပဲ၊ဒါကြောင့်မို့ ၂၀၁၀ မှာ ရွေးကောက်ပွဲလုပ်မယ်လို့ ကြိုတင်ကြေညာထားတာပဲ မဟုတ်ပါလား၊ ဒါပေမယ့် ထုံးစံအတိုင်း သူ့ရှူးသူပြန်ပတ်မိနေဦးမှာပါပဲ။ မှန်းချက်နဲ့နမ်းထွက်မကိုက်ဖြစ်နေဦးမှာပါပဲ။

နိုင်ငံရေးသဘောတရားအရရော သမိုင်းအမြင်အရပါ "အာဏာရှင်တို့မည်သည် ကျဆုံးရမည်မှာမလွဲ"ဆိုသော်လည်း မဆလခေတ် (၂၆) နှစ်၊နအဖခေတ်နှစ်(၂၀) ဆိုတော့ နှစ်ပေါင်း (၅၀)ခန့် စစ်တပ်ကပဲ တိုင်းပြည်ကို အုပ်ချုပ်နေဆဲပါပဲ၊ ပြီးခဲ့တဲ့ စက်တဘ်ာအရေးတော်ပုံကာလမှာလည်း ဓမ္မနဲ့ အဓမ္မ တိုက်ပွဲမှာ သဘောတရားအရ ဓမ္မ ကအနိုင်ရမယ်လို့ အဆိုရှိပေမယ့် လက်တွေ့တိုက်ပွဲအခင်းအကျင်းမှာ လက်နက်ရှိသူက လက်နက်မဲ့သူကို သတ်ဖြတ်ချေမှုန်းခဲ့တာပါပဲ၊ ဖိနှိပ်ဖြိုခွဲခဲ့တာပါပဲ၊ဆိုလိုတာက လက်နက်ရှိသူတွေရဲ့ဖိနှိပ်ရက်စက်

မှုကို လက်နက်မဲ့ပြည်သူတွေက ဆုတ်ခွါပေးခဲ့ရတာပဲမဟုတ်လား၊နောက်တကြိမ်တိုက်ပွဲအတွက် တဖန်အားပြန်စု၊အင်အားသစ်တွေ မွေးရ၊စည်းရုံးရေးတွေလုပ်ရနဲ့ အချိန်ကာလတွေ ထပ်ပြီးကြာမြင့်ရပါလိမ့်ဦးမယ်၊ဒီလိုနဲ့နှစ်တွေကြာ၊လူထုတွေလည်း ထပ်ပြီးနာရပါဦးမယ်။

ဒီကာလဝန်းကျင်မှာပဲ နအဖက မြန်မာပြည်သူတွေနဲ့နိုင်ငံတကာကို လိမ်လည်လှည့်ဖြားဖို့ DASSK နဲ့သူတို့အကြား ဆက်ဆံရေးဝန်ကြီး တဦးခန့်ပြီး တွေ့ဆုံဆွေးနွေးရေး လုပ်တော့မယောင် ဟန်ပြလုပ်ပြပါတော့တယ်၊နအဖ အကြောင်းသိနေရဲ့သားနဲ့ပဲ တချို့ဒီမိုကရေစီ အင်အားစုတွေက တိုက်ပွဲအရှိန်မြှင့်တင်ရေး စဉ်းစားပြင်ဆင်ဖို့ထက် DASSK နဲ့ ဆက်ဆံရေးဝန်ကြီးဆိုသူတို့ရဲ့"ဆွေးနွေးပွဲအဖြေ"ကို နားစွင့်ပြီးစိတ်ကူးယဉ်နေပါတော့တယ်၊DASSK က"အဆိုးဆုံးအတွက်ပြင်ဆင်ကြ"လို့ပြောမှ ဟိုဟာကိုင်ရမလို သည်ဟာကိုင်ရမလိုနဲ့ ကယောင်ချောက်ခြားနဲ့ ဘာလုပ်ရမှန်းမသိဖြစ်နေပါတော့တယ်၊UN တပ်ကြီးကိုပဲ မျှော်ရမလိုလို၊US တပ်ကိုပဲ စောင့်ရမလိုလို ၊ဂမ်ဘာရီကိုပဲ ပြေးဖက်ထားရမလိုလိုနဲ့ ဖြစ်နေတာပါ၊တကယ်တော့ ကိုယ့်ကိစ္စ ကိုယ်ပဲလုပ်ရမှာပါ၊တခြားဘယ်သူမှ အားကိုးလို့မရပါ။

ဒီလို အခြေအနေမှာပဲ စစ်အာဏာရှင်စနစ်ကို နှစ်ပေါင်းများစွာ တိုက်ပွဲဝင်နေတဲ့ သတင်းစာဆရာ ၊ စာရေးဆရာကြီး လူထုဦးစိန်ဝင်း က "ပြည့်သူ့စွမ်းအားဖြင့်"သာ စစ်အာဏာရှင်စနစ်ကို ဖြုတ်ချနိုင်မှာဖြစ်ကြောင်း သမိုင်းမှာ UN/US အပါအဝင် ဘယ်သူမှ တိုင်းပြည်ငြိမ်းချမ်းသာယာအောင် လုပ်နိုင်ခဲ့ခြင်းမရှိကြောင်း၊ ကိုယ့်ကိစ္စကိုယ့်စွမ်းအားဖြင့် လုပ်ရမည်ဖြစ်ကြောင်း လူထုသို့ပြောကြားပါတယ်၊ တပ်လှန့်နိုးဆော်ပါတယ်၊ဒါဟာ ဝေဝါးနေတဲ့စိတ်၊တွေဝေနေတဲ့စိတ်တွေကို လင်းလက်စေခဲ့တာပဲ၊တိုက်ပွဲခေါ်သံပဲ ဒါဟာအမှန်တရားပဲ။ စစ်အုပ်စုကို လူထုတိုက်ပွဲပေါင်းစုံ၊တိုက်ပွဲနည်းနာပေါင်းစုံနဲ့ ဝိုင်းဝန်းတိုက်ခိုက်မှ ဖယ်ရှားပစ်နိုင်မှာပါ၊ တော်လှန်ရေးအာဏာစွမ်းအားဖြင့်သာ ဖြုတ်ချနိုင်မှာပါ၊ ဒီအတွက် တိုက်ခိုက်ရမည့် "တိုက်ပွဲသဏ္ဍာန်" ကို ဝိုင်းဝန်းစဉ်းစားပြင်ဆင်ဖို့လိုအပ်နေပြီ၊ ဝိုင်းလုပ်ကြမှရတော့မည် ဆိုတာကိုလည်း အားလုံးကနားလည်သိနေကြတာကြာပြီပဲ လက်တွေ့မလုပ်ကြလို့ပါ။

ဖိနှိပ်ရက်စက်တဲ့ အုပ်စိုးသူကို ခုခံတော်လှန်တိုက်ပွဲဝင်ခြင်းဟာ "အကြမ်းဖက်ဝါဒ ယုံကြည်ကိုင်စွဲခြင်းမဟုတ်ဘူးပဲ"ဒါဟာ သဘာဝကျတဲ့ ခုခံတုန့်ပြန်ခြင်းပဲ၊ဒီတကြိမ် လူထုလှုပ်ရှားမှုကြီးဖြစ်ရင်တော့ ရရာလက်နက်စွဲကိုင်ပြီး တိုက်ခိုက်ဖို့ အသင့်ပြင်ထားရပါလိမ့်မယ်၊ ငုံ့ခံနေရင်တော့ သေပွဲအလီလီ ဝင်ရပါလိမ့်မယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ ကတော့ "မြေအောက်လက်နက်ကိုင်တော်လှန်ရေး"လုပ်ဖို့လိုအပ်ပြီလို့ တင်ပြထားပါတယ်။ ဒါဟာ အစဉ်အလာကြီးတဲ့ မြန်မာ့နိုင်ငံရေးတပ်ဦးမှာ အမြဲ ဦးဆောင်မှုရှိနေတဲ့ နိုင်ငံရေးပါတီကြီးရဲ့တင်ပြချက်ပဲ။ လက်ခံရမယ့် တိုက်ပွဲသဏ္ဍာန်ပဲ။ ဝိုင်းဝန်းဆွေးနွေးပြီး ပြင်ဆင်သင့်တာ ပြင်ဆင်ရလိမ့်မယ်လို့ ထင်ပါတယ်။ လက်နက်ကိုင်တိုက်ပွဲဟာ မြန်မာ့နိုင်ငံရေးမှာ မရှိမဖြစ် လိုအပ်တဲ့ အရာပဲ။ ၁၉၄၈ လွတ်လပ်ရေး ရပြီးကတည်းက ဥပဒေတွင်း နိုင်ငံရေးလုပ်လို့ မရတဲ့အခါ အုပ်စိုးသူ အစိုးရက အကြမ်းဖက်ဖိနှိပ်လာသည့် လအခါ၊ လက်နက်ကိုင် ခုခံတော်လှန်စစ်နဲ့ ဗကပ အပါအဝင် တိုင်းရင်းသားလူမျိုးစုတွေရဲ့ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကိုဆင်နွဲနေခဲ့တာပဲ မဟုတ်ပါလား။ အခုဆိုရင် နှစ်ပေါင်း(၅၀)ကျော်ရှိပြီပဲ။

အနောက်နိုင်ငံ လူဖြူအစိုးရတွေနဲ့ လူဖြူ NGO အလှူရှင် ဆိုသူတွေရဲ့လက်နက်ကိုင် ခုခံတော်လှန်ခြင်းသည် အကြမ်းဖက်ဝါဒကို ကိုင်စွဲခြင်းဖြစ်သည် ဟူသော ထင်မြင်မှုအပေါ် ဂရုစိုက်စရာမလိုပါ။ ကိုယ့်တိုင်းပြည်ရဲ့သမိုင်းလိုအပ်ချက်အရ လုပ်ရခြင်းဖြစ်သည်။ နိုင်ငံရေးတောင်းဆိုချက်အရလုပ်ရခြင်းဖြစ်သည်၊ လုပ်သင့်တာမှန်သမျှ အကုန်လုပ်ရမယ်ထင်ပါတယ်။

ပြည်တွင်းထဲမှာ တိုက်ပွဲမျိုးစုံတိုက်ဖို့၊ ပစ်မှတ်လွဲချော်မှု  မရှိစေပဲ တိတိကျကျ လုပ်ဖို့လိုပါတယ်။ ရန်သူစစ်အုပ်စုခေါင်းဆောင်များ၊ အုပ်ချုပ်ရေးယန္တရား အဆောက်အဦးများ၊ သူတို့၏ အမာခံဒေါက်တိုင်များကိုစ နှစ်တကျ တိုက်ခိုက်ဖို့လုပ်ရပါမယ်။ လူထုကို လုံးဝ မထိခိုက်အောင် စီမံရမယ်၊ ဖေါက်ခွဲတိုက်ခိုက်ရမယ်။(ဆိုလိုတာက မြေအောက် လက်နက်ကိုင် တော်လှန်ရေး လုပ်ကြပါလို့ တင်ပြတာပါ) ဒီလိုမှ မလုပ်နိုင်ဘူး ဆိုရင်တော့၊ မျှောလိုက်နေရင်တော့ စစ်အုပ်စုသက်ဆိုးရှည်နေဦးမှာပါ။ တချိန်တည်းမှာ လက်နက်ကိုင်တပ်ဖွဲ့တွေကို စည်းရုံးရေး လုပ်သင့်ပါတယ်။ နအဖတပ်တွေရော၊ အပစ်ရပ်ငြိမ်းအဖွဲ့တွေရော စည်းရုံးထားသင့်တယ်၊ဆက်ပြီးတိုက်ပွဲဝင်နေတဲ့ KNU/KNPP နဲ့ အခြား လူမျိုးစုတိုင်းရင်းသားအဖွဲ့အစည်းတွေကိုလည်း ပြည်တွင်းလုပ်ငန်းတွေမှာ လိုအပ်တဲ့ အထောက်အကူတွေကို ပွင့်လင်းစွာပြောပြီး အကူအညီတောင်းရမယ်။ သူတို့ရဲ့ အောက်ခြေတပ်မှူးတွေ၊ဒေသဆိုင်ရာတာဝန်ခံတွေကို နားလည်အောင် ကြိုတင် ဆွေးနွေးထားရပါလိမ့်မယ်။ သဘောကတော့ ပြင်သင့်တာ မှန်သမျှ အကုန်ပြင်ထားသင့်ပြီ ဆိုချင်တာပါ။

မကဒတ(ကျောင်းသားတပ်မတော်) ကစစ်ရေးအရ ဒီလိုလုပ်နိုင်ဖို့ အခွင့်အရေးရတာမို့ ပြည်တွင်းတိုက်ပွဲနည်းနာ တွေကိုသေချာစဉ်းစားလုပ်နိုင်ရင် လုပ်နိုင်သလောက်ထိရောက်နိုင်မှာပါ၊စီမံချက်တွေ သေချာချပြီးလုပ်ရင် တိုင်းပြည်ရဲ့အန္တရာယ်ကောင်တွေ ချုပ်ငြိမ်းနိုင်ပါလိမ့်မယ်၊လုပ်နိုင်ရင်ကောင်းမှာပါ ဒီလိုလုပ်နိုင်ရင်တော့ လူထုက ပိုမို အားကိုးယုံကြည်လာပါလိမ့်မယ်၊နိုင်ငံရေးအရ ထိပ်တန်းမှာ ဆက်လက်ရှိနေမှာပါ၊ဟန်ချက်ညီညီနဲ့ စစ်ရေးအရထိုးဖေါက်တိုက်နိုင်ဖို့ မကဒတ(ကျောင်းသားတပ်မတော်) ရှိနေတာဟာ ကျနော်တို့တိုင်းပြည်အတွက် အားတခုလို့မြင်ပါတယ်၊ဆထက်ထမ်းပိုးလုပ်ကြစေချင်ပါတယ်၊လုပ်နိုင်တဲ့ အချက်အလက် အခြေအနေတွေရှိမှာပါ၊ အကန့်အသတ်တွေ၊စိန်ခေါ်ချက်တွေတော့ရှိနေမှာပါ သေချာပြင်ဆင်လုပ်ရင် ရနိုင်မယ်ထင်ပါတယ်။

"စွမ်းအားမြှင့်မြန်မာကျောင်းသားစစ်သည်တော်များ"ကလည်း မကြာခင်က ထုတ်ပြန်ကြေညာချက်အတိုင်း ပစ်မှတ်မလွဲစေပဲ တိုက်ခိုက်နိုင်ရင်ကောင်းမှာပါ၊ IRA တပ်ဖွဲ့တွေလို လုပ်နိုင်ရင်ပေ့ါ၊ရဲဘော်တို့ရဲ့ တိုက်ပွဲနည်းနာဟာ အဓိက ပစ်မှတ်တွေကို ထိရောက်စွာ ဖျက်ဆီးနိုင်ရင်၊ တိုက်ခိုက်ဖေါက်ခွဲနိုင်ရင် ၊သတ်ဖြတ်နိုင်ရင်၊ ပြည်သူကိုဖိနှိပ်သူတွေကို ချေမှုန်းနိုင်ရင်တော့ မြန်မာပြည်သူများက ဝမ်းသာနေမှာပါပဲ၊ မယုံမရှိပါနဲ့။ စနစ်တကျနဲ့လုပ်နိုင်ရင် ထိရောက်မှာပါပဲ။

လွန်ခဲ့တဲ့ ၃ နှစ်လောက်ကဘယ်အဖွဲ့ရဲ့လက်ချက်မှန်းမသိရတဲ့ ရန်ကုန်မှာ ဖြစ်ခဲ့တဲ့ ပေါက်ကွဲမှုမှာ ပြည်သူတွေ ဆယ်ဂဏန်းကျော်မျှ သေကြေဒဏ်ရာရတယ်၊ ဒီတိုက်ခိုက်မှုက နိုင်ငံရေးမရှိ မသိတဲ့ ၊ လူမျိုးရေးမုန်းတီးစိတ်အခြေခံတဲ့ တိုက်ခိုက်မှုပဲ ဘယ်အရာက ရန်သူဘယ်အရာကလူထုဆိုတာတော့သိဖို့လိုတယ်၊ ဦးနှောက်မရှိတဲ့လူလို ထင်ရာရမ်းမလုပ်သင့်ဘူး၊ အသံထွက်ပြီးရောဆိုပြီးလဲမလုပ်သင့်ဘူး စီမံချက်ရှိရှိ ရည်ရွယ်ချက်ကောင်းကောင်းထားပြီး လုပ်ရပါလိမ့်မယ်၊ ပြည်သူလူထုကို လုံးဝ(လုံးဝ) မထိခိုက်အောင် စီစဉ်ရပါလိမ့်မယ်(ဒီတိုက်ခိုက်မှုကို နအဖ ကစီစဉ်လုပ်ခဲ့တာမဟုတ်ပဲ တခြားတဖွဲ့ ကလုပ်ခဲ့တာ ဆိုရင်ပြောတာပါ)။ သတိထားဖို့လိုတာက ရန်သူနအဖ ကိုယ်တိုင်ကလည်း သူ့တပ်ကို တပ်လှန့်တဲ့အနေနဲ့ လုပ်ကြံဖေါက်ခွဲတာတွေ လုပ်လေ့ရှိတယ်ဆိုတာပါပဲ၊ နအဖ က ကောက်ကျစ်ပြီးပါးနပ်တဲ့အစိုးရပါ၊ လုပ်ကြံဖန်တီးမှုများစွာလုပ်တတ်ပါတယ်၊ သူ့စည်းချက်အတိုင်း ကိုယ်ဝင်မပါဖို့ သတိထား ပြီးလုပ်ကြဖို့ပါ။

.

"တိုက်ပွဲသဏ္ဍာန်" ကိုဝိုင်းဝန်း ပြင်ဆင်ကြဖို့လိုအပ်နေပါပြီ၊ နှစ်(၂၀) လည်းရှိပါပြီ၊ အားနည်းချက်တွေ၊ကန့်သတ်မှုတွေ၊ အခြေအနေမပေးမှုတွေ၊လိုအပ်ချက်တွေ၊ စိန်ခေါ်ချက်တွေ......များစွာရှိနေမှာပါ၊ ဒါပေမယ့် ဝိုင်းဝန်းစဉ်းစားပြီး တိုက်ပွဲဝင်ကြဖို့တင်ပြတာပါ၊စစ်အုပ်စုပြုတ်ကျဖို့ နိုင်ငံရေး၊စစ်ရေး၊ သံတမန်ရေး စတဲ့ တိုက်ပွဲအရှိန်မလျှော့ဖို့ပါ၊ ပြိုင်တူတွန်းရင်ရွေ့နိုင်တယ်ဆိုတာကို သဘောတရားအရရော၊ လက်တွေ့ အရပါ တကယ်လုပ်ကြဖို့ လိုအပ်နေတဲ့ကာလ ဖြစ်နေတာကြောင့်ပါ၊ ထိုင်နေရင်တော့ မရွေ့ပါဘူး လှုပ်ရှားရုန်းကန်နေရင်တော့ရွေ့နိုင်တဲ့သဘောပြောတာပါ။ ပြည်သူတွေကတော့ "ဗိုလ်ချုပ်အောင်ဆန်း"လို ကယ်တင်ရှင်မျိုး၊ ခေါင်းဆောင်မျိုးမျှော်နေတာပါ။

မောင်ထက်နိုင်